# ဒီနေ့အတွက် သိကောင်းစရာ (၂၇)

## (၂၀၂၀) ပြည့်နှစ်၊ ဇွန်လ (၁၇) ရက်

## ကလေးငယ်တွေမှာ ဘဝအစရက်ပေါင်းတစ်ထောင်က ဘာကြောင့်အရေးကြီးတာလဲ?

- ကိုယ်ဝန်ပဋိသန္ဓေတည်ချိန်မှစ၍ ကလေးအသက် (၂)နှစ်အထိကာလကို **"ဘဝအစ ရက်ပေါင်း တစ်ထောင်"** ဟု သတ်မှတ်ထားပါတယ်။
- ရက်တစ်ထောင်ကာလအတွင်း ကလေးဦးနှောက်သည် (၈၀%) ဖွံ့ဖြိုးသဖြင့် ဤကာလအတွင်း အာဟာရလိုအပ်ချက်ကိုပြည့်မီအောင် ဖြည့်ဆည်းနိုင်ပါက ကလေးဟာ စံမီကြီးထွားဖွံ့ဖြိုးပြီး၊ ဉာဏ်ရည်မြင့်မားကာ အနာဂတ်မှာ ထက်မြက်တဲ့ စွမ်းအားပြည့်အလုပ်လုပ်နိုင်တဲ့ နိုင်ငံ့သားကောင်းများကို မွေးထုတ်နိုင်မှာဖြစ်ပါတယ်။
- ရက်တစ်ထောင်ကာလအတွင်း အာဟာရပြည့်ဝအောင်-
  - ✎ ကိုယ်ဝန်ဆောင်စဉ် အစာမျိုးစုံကို ပိုစားပေးရပါမယ်။ နို့တိုက်မိခင်သည် ကိုယ်ဝန်ဆောင်စဉ်ကထက် ပိုစားပေးရပါမယ်။
  - ✎ ကျန်းမာရေးဝန်ထမ်းကပေးသော ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သည့် ဆေးများကို ညွှန်ကြားသည့်အတိုင်း ပုံမှန်သောက်ပေးရပါမယ်။
  - ✎ မွေးပြီးတစ်နာရီအတွင်း (စောနိုင်သမျှစောစော) မိခင်နို့ (နို့ဦးရည်) စတိုက်ပေးရပါမယ်။
  - ✎ ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ရပါမယ်။
  - ✎ အသက် (၆)လပြည့်မှစ၍ သန့်ရှင်းပြီးအာဟာရပြည့်ဝသော ဖြည့်စွက်စာကို စကျွေးကာ မိခင်နို့ကို ကလေးအသက် (၂)နှစ်အထိ ဆက်တိုက်ပေးရပါမယ်။
- ဒါကြောင့် ကလေးငယ်ရဲ့ ဘဝအစ ပထမရက်ပေါင်းတစ်ထောင်ဟာ အလွန်အရေးပါတဲ့ ကာလတစ်ခု ဖြစ်ပါတယ်။

### ဘဝရွှေဆောင် ရက်တစ်ထောင် အနာဂတ်အတွက် အလင်းရောင်



အာဟာရချို့တဲ့သောကလေးတွင် ဦးနှောက်ဖွံ့ဖြိုးမှု နည်းပါးပုံ



အာဟာရပြည့်ဝ၍ကျန်းမာသော ကလေးတွင် ဦးနှောက်ဖွံ့ဖြိုးမှု ကောင်းမွန်ပုံ